## မြက်ယားငယ်

Scientific name - *Rottboellia cochinchinensis* (Lour.) Clayton

Common name - Itch grass

Family - Poaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်မျိုးဖြစ်ပြီး ထောင်မတ်၍ပေါက်သည်။ အပင်ခြေမှစုပြုံထွက်ပြီး ကိုင်းဖြာသည်။ အဆစ်များမှ အမြစ်ထွက်သည်။ အပင်အမြင့် ၄ မီတာနှင့် အထက်ရှိသည်။ ရွက်ပြားသည် ပြား၍ သေးသွယ်ရှည်လျားပြီး ထိပ်ပိုင်းသည် ထိပ်ချွန် သို့မဟုတ် အခြေနှလုံးပုံရှိသည်။ အမွေးရှိသော်လည်း တစ်ခါတစ်ရံ အမွေးမဲ့နိုင်ပြီး ရွက်နားသည် အလွန်ကြမ်းသည်။ ပန်းခိုင်သည် ထုလုံးပုံပွင့်ညှာရှိပန်းခိုင် ဖြစ်ပြီး ထပ်ဆင့်ပန်းခိုင်များမှာ အမြီးမပါရှိပါ။ ပန်းပွင့်များသည် ကွဲထွက်နေပြီး ရင့်မှည့်ပါက ထိပ်များ အောက်သို့ ငိုက်ပြီးလဲနေသည်။ အစေ့အားဖြင့် မျိုးပွားသည်။